MNsure
Where you choose health coverage

## အကူအညီပေးသူအတွက် ခွင့်ပြုချက်/ မှတ်တမ်း

သင်သည် သင်၏ MNsure ပုံစံဖြည့်စွက်ခြင်းနှင့် အသစ်ပြင်ဆင်ခြင်းတို့အတွက် ________________________________ အား သင့်ကို အကူအညီပေးမည့်သူအဖြစ် ရွေးချယ်ပြီး ဖြစ်ပါသည်။ "Confirm" (အတည်ပြု) ကို နှိပ်ခြင်းဖြင့် သင်သည် အဆိုပါ အကူအညီပေးသူအား သင့်ကိုယ်စားနှင့် သင်၏ ဖြည့်စွက်ပုံစံပါ အခြားအရာတို့ကိုယ်စား အောက်ပါတို့အတွက် လုပ်ကိုင်ခွင့် ပေးအပ်ပါသည်-

- သုံးစွဲသူဝန်ဆောင်မှု ပေးအပ်ရန်အတွက် သင့်အချက်အလက်ကို အသုံးပြုကြည့်ရှုခြင်း
- ဖြည့်စွက်ပုံစံတွင် သင့်နှင့် သင့်မိသားစုအကြောင်း အချက်အလက်ဖြည့်စွက်ခြင်း
- သင့်အတွက် ပုံစံဖြည့်စွက်လျှောက်ထားခြင်း
- အကျိုးဝင်သော ကျန်းမာရေးစောင့်ရှောက်မှုပုံစံကို ရွေးချယ်ခြင်း
- ပရီမီယံ အခွန်ခရက်ဒစ် ပမာဏကို ရွေးချယ်လျှောက်ထားခြင်း
- ကြားပွဲစားဖြစ်ပါက သင်စာရင်းပေးထားသည့် အာမခံကုမ္ပဏီဖြင့် သုံးစွဲသူအချက်အလက် အသေးစိတ်ကို အသုံးပြုကြည့်ရှုခြင်း။

သင်သည် အဆိုပါ အကူအညီပေးသူအား ဖြည့်စွက်ပုံစံတွင် သင်စာရင်းပြထားသော လူအားလုံး၏ အချက်အလက်များကိုလည်း ကြည့်ရှုခြင်းနှင့် အသုံးပြုခြင်းကို ခွင့်ပြုထားပါသည်။ ဖြည့်စွက်လျှောက်ထားသူ သို့မဟုတ် အိမ်ထောင်စုဝင်၊ မိုခို၊ အလုပ်သမား သို့မဟုတ် အခြားသူများကိုယ်စား အချက်အလက် ကြည့်ရှု သို့မဟုတ် အသုံးပြုရသည့် MNsure လျှောက်ထားသူ သို့မဟုတ် အကူအညီပေးသူမှ ဖြစ်စေ၊ အချက်အလက်ကို ကြည့်ရှုခွင့်ရှိသော အခြားသူမှဖြစ်စေ၊ တရားဝင်အုပ်ထိန်းသူမှဖြစ်စေ၊ အချက်အလက်ကို ကြည့်ရှုအသုံးပြုခွင့် ရရှိထားသူမှဖြစ်စေ ထိုသူတို့သည် အချက်အလက်များကို လုံခြုံစွာထိန်းသိမ်းရန် သဘောတူရပါမည်။ အခြားတစ်စုံတစ်ဦးအတွက် အချက်အလက်ကို ကြည့်ရှု သို့မဟုတ် ဖြည့်စွက်သူသည် လူပုဂ္ဂိုလ်ကို သိရှိစေနိုင်သော အချက်အလက်များအား သင့်လျော်သည့် ပုံစံဖြည့်စွက်ခြင်းအတွက်သာ သို့မဟုတ် ပြည်နယ်ဖြစ်စေ ဖယ်ဒရယ်ဖြစ်စေ ထုတ်ပြန်ထားသော ဥပဒေနှင့်အညီသာ သုံးရမည်ဖြစ်ကာ အချက်အလက်အား အခွင့်မရှိဘဲ ကြည့်ရှုခြင်း၊ သုံးခြင်း၊ ပြုပြင်ခြင်း၊ ဖျက်ဆီးခြင်း၊ ခိုးယူခြင်း သို့မဟုတ် ထုတ်ဖော်ခြင်းတို့မှ ကာကွယ်ရပါမည်။ သင့်ဖြည့်စွက်ပုံစံပေါ်ရှိ အချက်အလက်သည် ကိုယ်ရေးကိုယ်တာ အချက်အလက်ဖြစ်ပါသည်။

"Confirm" ကို နှိပ်ခြင်းဖြင့် သင်သည် အကူအညီပေးသူအား သင့်ဖြည့်စွက်ပုံစံနှင့်ပတ်သတ်သော အချက်အလက်များကို ရယူခွင့်ပေးပြီး ဖြည့်စွက်ပုံစံတွင် သင့်ကိုယ်စားလက်မှတ်ထိုးခြင်းနှင့် အကျိုးဝင်သော ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်ကို သင့်ကိုယ်စားရွေးချယ်ခြင်း အပါအဝင် ယခုဖြည့်စွက်ပုံစံနှင့် ဆက်စပ်နေသော ကိစ္စများကို သင့်ကိုယ်စား ဆောင်ရွက်စေရန် ခွင့်ပြုပါသည်။

"Confirm" ကို နှိပ်ခြင်းအားဖြင့် သင်သည် ဖြည့်စွက်ပုံစံကို သတ်မှတ်ရက်မကျော်လွန်မီ လျှောက်တင်ခြင်းအတွက် ဆက်လက်တာဝန်ရှိကြောင်းကို အသိအမှတ်ပြုပါသည်။

လက်ခံခြင်းမပြုမီတွင် [MNsure ကိုယ်ရေးကိုယ်တာ သတိပေးချက်များ (MNsure Privacy Warnings)] ကို ပြန်လည်လေ့လာပါ၊ ၎င်းတွင် သင့်ဖြည့်စွက်ပုံစံအတွက် ကိုယ်ရေးအချက်အလက် စုဆောင်းခြင်း၏ ရည်ရွယ်ချက်နှင့် အသုံးပြုပုံအပြင် အချက်အလက်ပေးရန် ငြင်းဆန်မှုအတွက် အကျိုးဆက်များအကြောင်းကိုပါ ဖော်ပြထားပါသည်။ ကိုယ်ရေးကိုယ်တာသတိပေးချက်တွင် သင့်အချက်အလက်ကို မျှဝေကြည့်ရှုနိုင်မည့်သူများအကြောင်းနှင့် MNsure မှ သင့်အချက်လက်ကို မည်မျှကြာအောင် ထိန်းသိမ်းထားမည် ဆိုသည့်အကြောင်းတို့ကိုပါ ဖော်ပြထားပါသည်။ သင့် ကိုယ်ရေးကိုယ်တာ အခွင့်အရေးများနှင့် တာဝန်ရှိမှုတို့အတွက် နောက်ထပ်အချက်အလက်များကို [ဝေါဟာရနှင့် ကိုယ်ရေးကိုယ်တာ စာမျက်နှာ (Terms and Privacy page)] တွင် ဖော်ပြထားပါသည်။

သင်သည် ယခုခွင့်ပြုချက်အား ရုပ်ဆိုင်းခြင်းကို MNsure အွန်လိုင်းအကောင့်မှဖြစ်စေ MNsure ဆက်သွယ်ရေးစင်တာ (MNsure Contact Center) သို့ ဖုန်းခေါ်၍ဖြစ်စေ အချိန်မရွေး ပြုလုပ်နိုင်ပါသည်။

သင်သည် ယခုအကူအညီပေးသူအား သင့်ကိုယ်စားလုပ်ဆောင်ပေးစေရန် မလိုလားပါက "Cancel" (ပယ်ဖျက်) ကိုနှိပ်ပါ။